# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## အောက်တိုဘာလအတွက်အားနည်းသောအိမ်ထောင်စုများ အားထောက်ပံ့ခြင်းအစီအစဉ် (၂၀၁၉ခုနှစ်၊အောက်တိုဘာလ၊၂၅ရက်)




မူလဝင်ငွေပြန်လည်ရရှိစေရေးအစီအစဉ်တစ်ရပ်အနေဖြင့်လစဉ်ပြုလုပ်နေကျဖြစ်သောအားနည်းသောမိသားစုများအားထောက်ပံ့ခြင်းအစီအစဉ်ကို ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ၊၂၅ရက်နေ့တွင်ပြန်လည်နေရာချထားရေးနေရာ၌ပြုလုပ်ခဲ့ပါသည်။ စက်တင်ဘာလတွင် ပြုလုပ်ခဲ့သောသုံးလတစ်ကြိမ်စစ်တမ်းကောက်ချက်များအရအားနည်းသောမိသားစုများအားထောက်ပံ့ခြင်းအစီအစဉ် စည်းမျဉ်းများနှင့်ကိုက်ညီသည့်မိသားစုဝင်တစ်ဦးကိုထပ်မံတိုး၍စုစုပေါင်းအိမ်ထောင်စု ၂၃ စုမှ မိသားစုဝင် ၅၄ ဦးတို့အား ယခုလ (အောက်တိုဘာလ) မှစတင်၍ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

## Vulnerable People Program (VPP) for October was provided on 25$^{th}$ October 2019




The monthly provision of VPP was made at Zone B relocation site on 25$^{th}$ October 2019. According to the result of quarterly monitoring in September 2019, one PAP who is entitled with VPP criteria was added to program starting from this month, October. Basic foodstuffs were provided for those total 54 family members from 23 vulnerable households.

## ဇုန်(ဘီ)စီမံကိန်းကြောင့်ထိခိုက်သူများအားဒုတိယအကြိမ်အခြေခံနှင့်အဆင့်မြင့်စက်ချုပ်သင်တန်း ထောက်ပံ့ပေးခြင်း (၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်)



စက်ချုပ်ပညာအား လေ့လာသင်ယူပြီး အထည်ချုပ်စက်ရုံ များတွင် ဝင်ရောက်လုပ်ကိုင်လိုသော (သို့မဟုတ်) တစ်ပိုင်တစ်နိုင် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကာ မိသားစုဝင်ငွေရရှိရန်ကြိုးစားလိုသောသီလဝါအထူးစီးပွားရေးဇုန်(ဘီ) စီမံကိန်းကြောင့်ထိခိုက်သူများကို မူလဝင်ငွေပြန်လည်ရရှိစေရေး အစီအစဉ်တစ်ရပ်အနေဖြင့် အခြေခံ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ(၁၄) ရက်နေ့တွင် ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာ အုပ်စု၊ မြိုင်သာယာ မူကြိုကျောင်း၌ ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ အဆိုပါ စက်ချုပ်သင်တန်းတွင် သင်တန်းသူစုစုပေါင်း (၅)ဦး တက်ရောက်လျက်ရှိပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊အိမ်တွင်းမှုအသက်မွေး သင်တန်းကျောင်းမှ အငြိမ်းစားဆရာမမှ (၂) လကြာ သင်ကြားပြသပေး သွားမည်ဖြစ်သည်။

## 2$^{nd}$ tailoring training (basic and advanced) was provided for Zone B PAPs on 14$^{th}$ November 2019



2$^{nd}$ basic and advanced tailoring training was provided as a part of IRP activities, for those Zone B PAPs who want to learn sewing and to generate their family income by working at garment factory or starting a small sewing business at home. The training period is 2 months, started on 14$^{th}$ Nov 2019 at Myaing Thar Yar kindergarten, Nyaung Wine Village Tract, instructed by a retired professional trainer from Domestic Vocational Training School under the Ministry of Social Welfare Relief and Resettlement. Total 5 participants are attending the training.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649

### နိုဝင်ဘာလအတွက်အားနည်းသောအိမ်ထောင်စုများအား ထောက်ပံ့ခြင်းအစီအစဉ် (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၇ ရက်)



သီလဝါအထူးစီးပွားရေးဇုန် (ဘီ) စီမံကိန်းကြောင့် ထိခိုက်ခံရသောအိမ်ထောင်စုများထဲမှအားနည်းသောအိမ်ထောင်စုများအားထောက်ပံ့ ခြင်းအစီအစဉ်၏ စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိသည့် အကျုံးဝင်အိမ်ထောင်စု (၂၃) စု ရှိ မိသားစုဝင် (၅၄) ဦး တို့ကို ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ၊ (၂၇) ရက်နေ့တွင်အခြေခံစားသောက်ကုန်များဖြစ်သော ဆန်နှင့်ဆီကို ထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါ ထောက်ပံ့ခြင်းကို ၂၀၁၈ခုနှစ်မတ်လမှစတင်ကာ လစဉ်ထောက်ပံ့ပေးလာခဲ့ခြင်းဖြစ်ပြီး အားနည်းသော အိမ်ထောင်စုများ၏ လူမှုစီးပွားရေးအခြေအနေ ပြောင်းလဲမှုများနှင့် ထိရောက်မှုရှိသော ထောက်ပံ့မှုဖြစ်စေရန် အကျုံးဝင်အိမ်ထောင်စုများအား (၃)လလျှင်တစ်ကြိမ်ပုံမှန်စစ်တမ်းများကိုလည်း ကောက်ယူလျက်ရှိပါသည်။

### အားနည်းသောအိမ်ထောင်စုများအားထောက်ပံ့ခြင်းအစီအစဉ် နှင့်သုံးလတစ်ကြိမ်စစ်တမ်းကောက်ယူမှုပြုလုပ်ခြင်း (၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀ရက် နှင့် ၂၃ ရက်)



(၃)လတစ်ကြိမ်ပုံမှန်ပြုလုပ်နေကျဖြစ်သော အားနည်းသော မိသားစုများအား ထောက်ပံ့ခြင်းအစီအစဉ်အတွက် စစ်တမ်းကောက်ယူခြင်းနှင့် လစဉ်အခြေခံစားသောက်ကုန်(ဆန်နှင့်ဆီ) ထောက်ပံ့ခြင်းအစီအစဉ်ကို ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀ရက် နှင့်၂၃ရက်နေ့တို့တွင် ဇုန်(ဘီ) ပြန်လည်နေရာချထားရေးနေရာ၌ ပြုလုပ်ခဲ့ပါသည်။ စစ်တမ်း ကောက်ချက်များအရ အားနည်းသောမိသားစုများအား ထောက်ပံ့ခြင်းအစီအစဉ် စည်းမျဉ်းများနှင့် ကိုက်ညီသည့် အသက်(၆၁)နှစ် ပြည့်ပြီးဖြစ်သော အိမ်ထောင်စုတစ်စုကို ထပ်တိုး၍ စုစုပေါင်း အိမ်ထောင်စု(၂၄)စု မှ မိသားစုဝင် (၅၆)ဦး တို့အား ယခုလမှစတင်၍ ထောက်ပံ့ပေးသွား မည်ဖြစ်ပါ သည်။

### Vulnerable People Program (VPP) for November was provided on 27th November 2019



The basic food stuffs were provided on 27th November 2019 for 54 family members from 23 households who are entitled with VPP criteria among Zone B PAPs. VPP has been providing by monthly since March, 2018 and quarterly monitoring is followed in order to monitor the changes of household characteristic and socio-economic condition of vulnerable PAHs and to provide the recommendations in the implementation of VPP to improve effectiveness.

### Monthly Vulnerable People Program (VPP) provision and Quarterly Monitoring were conducted on 20th and 23rd December 2019



Monthly Vulnerable People Program was provided on 20th December 2019 and quarterly monitoring was followed to vulnerable families on 23rd December 2019. According to the monitoring result, one household which is entitled with VPP criteria was added to program starting from December 2019. Basic foodstuffs (rice and oil) are provided for those total 56 family members from 24 vulnerable households.